ထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်

ယနေ့သည် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် နှစ်သစ်ကူးနေ့ဖြစ်သည့်အလျောက် ၂၀၂၃ ခုနှစ် တည်းဟူသော နှစ်သစ်ကို ကြိုဆိုကြသောနေ့ဖြစ်သည်။ နှစ်သစ်ကာလအခါသမယ၌ မြန်မာပြည်သူလူထုတစ်ရပ်လုံးသည် နှစ်သစ်ကို ဝမ်းမြောက်စွာ ကြိုဆိုကြမည့်အစား စစ်ကောင်စီ၏ အာဏာသိမ်းသောလုပ်ရပ်နှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆက်လက်ကျူးလွန်နေသော ၎င်းတို့၏ လုပ်ရပ်များကြောင့် မြန်မာပြည်သူပြည်သားအများစုမှာ မိမိတို့၏ နေရပ်၊ အိုးအိမ်များနှင့် မြို့ရွာများကိုစွန့်ခွာ၍ အသက်ဘေးလွတ်ရာသို့ ရှောင်တိမ်းနေကြရပြီး စစ်ဘေးရှောင်များဘဝသို့ ကျရောက်ခဲ့ရသည်။ ထို့အပြင် စစ်ကောင်စီ၏ စစ်ရာဇဝတ်ကျူးလွန်နေမှုများကို စိုးရိမ်ကြောင့်ကြ၊ ပူဆွေးသောကများစွာဖြင့် ရင်ဆိုင်ဖြတ်ကျော်နေရဆဲဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်မှစ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မသိမ်းယူခဲ့သော စစ်ကောင်စီ၏ စစ်အာဏာသိမ်းသက်တမ်းမှာ ယခုဆိုလျှင် (၂) နှစ် နီးပါးသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ တစ်ပြိုင်နက်တည်းတွင် စစ်ကောင်စီ၏ အာဏာသိမ်းမှုကိုဆန့်ကျင်သော မြန်မာနိုင်ငံသူ နိုင်ငံသားများသည် အာဏာသိမ်းပြီးသည့်နောက် မရှေးမနှောင်းမှစ၍ "နွေဦးတော်လှန်ရေး" ကို ရရာလက်နက်၊ ရသည့်နည်းလမ်းများဖြင့် ဆင်နွှဲနေခဲ့ကြသောကြောင့် ယခုဆိုလျှင် နွေဦးတော်လှန်ရေးသက်တမ်းမှာလည်း (၂) နှစ် နီးပါးသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော လက်ရှိပြည်တွင်းရေး၊ နိုင်ငံရေး၊ စစ်ရေးမတည်မငြိမ်မှုများကြောင့် စစ်ဘေးဒဏ်သင့် မြန်မာပြည်သူလူထုတစ်ရပ်လုံး၏ ယခုကဲ့သို့ ခံစားနေရသော ခံစားချက်များကို မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့အနေဖြင့် ထပ်တူထပ်မျှ စာနာနားလည်ခံစားမိပြီး အပြည့်အဝ ကိုယ်ချင်းစာမိပါသည်။ တစ်ပြိုင်နက်တည်းတွင် လက်ရှိရင်ဆိုင်နေရသော ပြည်တွင်းစစ်မီးကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံအတွင်း နေထိုင်ကြသော မြန်မာပြည်သူပြည်သားများနှင့် စစ်အာဏာရှင်စနစ်ကို တွန်းလှန်တိုက်ခိုက်နေကြသော တော်လှန်ရေးအဖွဲ့အစည်းများ အားလုံးအနေဖြင့် စုစည်းညီညွတ်စွာ အလုပ်လုပ်ကြရန် အထူးအရေးတကြီး လိုအပ်လျက်ရှိနေပါသည်။

မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့အနေဖြင့် နွေဦးတော်လှန်ရေးမှပေါက်ဖွားလာသော တော်လှန်ရေးအဖွဲ့အစည်းများထဲမှ ပြည်သူ့ထောက်ခံမှုကိုရရှိထားပြီး တော်လှန်ရေးဆန်သော အဖွဲ့အစည်းတချို့နှင့် လက်တွဲကာ မိမိတို့အားလုံးနှင့် မြန်မာပြည်သူတစ်ရပ်လုံး မျှော်မှန်းထားသော ဘုံရည်မှန်းချက်များပြည့်ဝစေရန်၊ လက်ရှိအခြေအနေကို အကောင်းဆုံး ကျော်လွှားနိုင်ရန်နှင့် စစ်အာဏာရှင်စနစ်ကို တိုက်ထုတ်နိုင်ရန်အတွက် လုပ်သင့်လုပ်ထိုက်သည်များကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘဝတူ မြန်မာပြည်သူ၊ ပြည်သားများအား အားပေးနှစ်သိမ့်ကာ ၂၀၂၃ ခုနှစ်၊ နှစ်သစ်ကူးအခါသမယ၌ ပြည်သူတစ်ရပ်လုံးမျှော်လင့်တောင့်တသော နိုင်ငံရေးမျှော်မှန်းချက်များ ပြည့်ဝနိုင်ကြပါစေဟု နှစ်သစ်ကူးဆုမွန်ကောင်း တောင်းလိုက်ပါသည်။ စည်းလုံးညီညွတ်မှုအား၊ စုစည်းညီညွတ်စွာဖြင့် ဟန်ချက်ညီလုပ်ဆောင်နိုင်မှသာ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြုတ်နိုင်မည်ဖြစ်သောကြောင့် ယနေ့ကျရောက်သော နှစ်သစ်ကူးနေ့မှစ၍ ယခင်ထက် အင်တိုက်အားတိုက် ကြိုးပမ်းလုပ်ဆောင်သွားကြရန် မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့မှ တိုက်တွန်းလိုက်ပါသည်။

ညီနောင်မဟာမိတ် (၃) ဖွဲ့

MNTJP/MNDAA
မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော
အမျိုးသားပါတီ/မြန်မာအမျိုးသားဒီမိုကရက်တစ်
မဟာမိတ်တပ်မတော်

PSLF/TNLA
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/
တအာင်းအမျိုးသားလွတ်မြောက်ရေး
တပ်မတော်

ULA/AA
ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်/
ရက္ခိုင့်တပ်တော်